# Shan Women's Action Network

သတင်းထုတ်ပြန်ချက်

## ၂၀၀၉ ခုနှစ် နိုဝင်ဘာလ (၁၇) ရက်နေ့

**ယနေ့ ထုတ်လိုက်သော ခရီးသွားလမ်းညွှန်မှ ကမ္ဘာလှည့်ခရီးသည်များ သွားရောက်လည်ပတ်လေ့ရှိသော ရှမ်းပြည်တွင်းရှိ နေရာများ၏ အကျည်းတန်လှသည့် အမှောင်ကမ္ဘာအား ဖော်ထုတ်လိုက်ခြင်း**

ယနေ့ထုတ်လိုက်သော ခရီးသွားလမ်းညွှန်မှ ကမ္ဘာလှည့်ခရီးသည်များအား ရှမ်းပြည်၏ အခြားရှုထောင့်အမြင်မှ ကြည့်နိုင်သော ပုံရိပ်များကို တင်ပြထား၍၊ စစ်အစိုးရအဆက်ဆက်မှ ရှမ်းပြည်၏ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်း ဆိုင်ရာနေရာများ၊ အဆောက်အဦများအား တမင်လစ်လျူရှုခြင်း၊ မပျက်ပျက်အောင် ဖျက်ဆီးခြင်း၊ မူရင်းများကို ပယ်ဖျက်ကာ အသစ်ပြန်တီထွင်နေပုံများကို ရုပ်ပုံကားချပ် အစုံအလင်ဖြင့် ဖော်ထုတ်ထားသည်။

စစ်ဘေးစစ်ဒဏ်အလူးအလဲခံထားရသော ရှမ်းပြည်၏ နေရာဒေသ အများစုမှာ ကမ္ဘာလှည့်ခရီးသည်များ သွားရောက်လည်ပတ်ခွင့်မရှိ သော်လည်း ဒေသအချို့ကို နိုင်ငံခြားဧည့်သည်များအား လည်ပတ်ခွင့် ပေးထားသည်။ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (SWAN)က အချက်အလက်များကို စုစည်း၍ " *ရှမ်းပြည်အတွင်း တားမြစ်ထားသောမြင်ကွင်းများ*" အမည်ရ ယခု ခရီးသွားလမ်းညွှန်ဖြင့် ထိုဒေသများအတွင်း ပကတိအတိုင်း ဖြစ်ပျက်နေပုံများအား ကွင်းကွင်းကွက်ကွက် တွေ့မြင်အောင် ထိုးထွင်းတင်ပြ ထားသည်။

ထို့အပြင် ယခင် ရှမ်းပြည်ကို အုပ်ချုပ်ခဲ့သော ရှမ်းစော်ဘွား နယ် (၃၄) နယ်မှ ကျန်ရှိနေသော ဟော်နန်းများအား မြန်မာစစ်အစိုးရက တဖြေးဖြေး သမိုင်းမှ ပျောက်ကွယ်သွားအောင် လုပ်ဆောင်နေကြောင်း ဤခရီးသွား လမ်းညွှန်တွင် ရုပ်ပုံကားချပ်များနှင့်အတူ ထောက်ပြထားသည်။ စစ်အစိုးရ၏ ရှမ်းသမိုင်းဝင်ဟော်နန်းများ၏ တည်ရှိခဲ့ခြင်းအား လုံးဝ အစရှာမရအောင်လုပ်သည့် လုပ်ရပ်များ အနက် တခုမှာ ၁၉၉၁ခုနှစ်တွင် သမိုင်းဝင် ကိန်းတုန် (ကျိုင်းတုံ) ဟော်နန်းအား ခေတ်ပေါ်ဟိုတယ်တခု ဆောက်လုပ်ရန် ဖြိုချဖျက်ဆီးပစ်လိုက်ခြင်းပင် ဖြစ်သည်။

ဤသို့ ရှမ်းသမိုင်းဝင် အဆောင်အအုံများအား ဖျက်ပစ်နေသည့် တချိန်တည်းမှာပင် စစ်အစိုးရသည် ရှေးမြန်မာမင်းများအား ကိုးကွယ်ပသသည့် အထိမ်းအမှတ်တိုင်များကို အသစ်တည်ဆောက်ခြင်းများ၊ ရွှေတိဂုံပုံတူဘုရားများကို ရှမ်းပြည်အနှံ့အပြား၌ တည်ဆောက်နေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့်၊ ယခင် ရှမ်းပြည်၏ ကိုယ်ပိုင်အုပ်ချုပ်ခဲ့မှုများ၏ ကြွင်းကျန်သော ပုံရိပ်များအား မည်သို့မည်ပုံ ဖျက်ဆီးနေကြောင်း ပို၍ပေါ်လွင်လာသည်။ စစ်ဗိုလ်ချုပ်ကြီးများကိုယ်တိုင် ကမကထပြု၊ ငွေအင်အား လူအင်အား အရမ်းကာရော သုံးစွဲတည်ဆောက်ထားသည့် ဘာသာရေးဘန်းပြ အဆောက်အအုံများ၏ ဓါတ်ပုံများနှင့် လားလားမတူ လုံးဝဆန့်ကျင်ဖက်ဖြစ်နေသည့် အရာများမှာ ရှမ်းပြည်၏ သမိုင်းဝင် ဘုန်းကြီးကျောင်းများ၊ ကျောင်းကန် ဘုရားများပင်ဖြစ်သည်။ ရှမ်းကျောင်းကန် ဘုရားများသည် စစ်အစိုးရတပ်များ၏ ဆက်တိုက်လုပ်နေသည့် မြေထိလောင်ကျွမ်း စစ်ဆင်ရေးများကာလအတွင်း နေသူမရှိ၊ ထိန်းသိမ်းစောင့်ရှောက်သူမရှိ အတင်းစွန့်ပစ်စေခဲ့ခြင်းများကြောင့် လုံးဝပျက်စီးယိုယွင်းခဲ့ရသည်။ ၎င်းအပြင် ရှမ်းဘုရားကျောင်းကန်တွင်း ကျန်ရှိ တည်ရှိခဲ့သော သမိုင်းအမွေအနှစ်ပစ္စည်းများမှာ စစ်အစိုးရတပ်သားများ၏ တမင်သက်သက် ဖျက်ဆီးခြင်းခံခဲ့ရသည်။ ၎င်းတို့၏ ကံကြမ္မာကို ရင်နင့်ဘွယ်ရာ မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသည်။

*"စစ်အစိုးရက ကျမတို့ရဲ့ ရပိုင်ခွင့် အခွင့်အရေးတွေ၊ မြေယာတွေနဲ့ သဘာဝအရင်းအမြစ်တွေကို လုယက် ခါးမြဲ တိုက်ရုံ သာမကဘူး၊ ကျမတို့ရဲ့ယဉ်ကျေးမှု၊ ကျမတို့ရဲ့ သမိုင်းကိုပါ အတင်း ခါးမြဲတိုက် လုယက်နေတယ်။"* ဟု SWAN၏ ပြောရေးဆိုခွင့်ရှိသူ မွန်းကိန် က ပြောပါသည်။ *"ကျမတို့အနေနဲ့ အလည်လာတဲ့ဧည့်သည်တွေ အားလုံး သူတို့ရဲ့ ပတ်ပတ်လည်မှာ ဖြစ်နေတဲ့ ဖိနှိပ်ချုပ်ချယ်မှုတွေ မြင်လာအောင် မျက်စိဖွင့်ပေးချင်ပါတယ်။ သူတို့ လည်ပတ်တဲ့ ယဉ်ကျေးမှုဆိုင်ရာ နေရာတွေ၊ အဆောက်အဦတွေကစ ဒီလို ဖိနှိပ်မှုတွေ၊ ချိုးနှိမ်မှုတွေ ရှိနေတယ်ဆိုတာကို သိစေချင်ပါတယ်။"*

## ၸုမ်းၶမ်းသၢဝ်ၵွင်ႈၶၢင်းယိင်းတႆး

## Shan Women's Action Network

ဤခရီးသွားလမ်းညွှန်မှ အလည်အပတ်လာရောက်သူ ဧည့်သည်များ သွားရောက်ခွင့်မရှိသော နေရာများရှိ ရှမ်းပြည်၏ ရှုမောဘွယ် သဘာဝ တောတောင်အလှအပများနှင့် ပြည့်နှက်နေသော နယ်မြေဒေသများကို လည်း အထူးပြသထားသည်။ အလွန်စိတ်မချမ်းသာစရာကောင်းသည်မှာ ရှမ်းပြည်၏ ဤသို့သော အံ့မခန်းဘွယ် သာယာလှပသည့်ရှုမျှော်ခင်းများသည်လည်း စစ်အစိုးရ၏ဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် လုံးဝပျောက်ကွယ်သွားတော့မည့် အန္တရာယ်များ၏ အခြိမ်းခြောက်ကို ခံနေရသည်။

ဤခရီးသွားလမ်းညွှန်က အထင်ကရ မြန်မာ့ နိုင်ငံရေးအကျဉ်းသားများအား ချုပ်နှောင်ထားသည့် ရှမ်းပြည်ရှိ အကျဉ်းထောင်များကိုလည်း အထူးအလေးပေး တင်ပြထားသည်။ ရှမ်းပြည် အကျဉ်းထောင်များ၌ အကျဉ်းချခံထားရသူ နိုင်ငံရေးအကျဉ်းသားများသည် မိသားစုများ၊ နေအိမ်များနှင့် အလွန်ဝေးလံသည်သာမက၊ ပြင်းထန်သော ရာသီဥတုဒဏ်ကိုပါ ခံစားနေကြရသည်။

ဤလမ်းညွှန်အား အင်္ဂလိပ်၊ ရှမ်း၊ မြန်မာ၊ ထိုင်း ဘာသာ များဖြင့် နိုဝင်ဘာလ (၁၇) ရက်တွင် ကျရောက်သည့် ၂၀၀၉ ခုနှစ်၏ ရှမ်းနှစ်သစ်ကူးနေ့တွင် ထုတ်ဝေပြီး၊ မိမိတို့၏ ဝက်ဗ်ဆိုက် www.shanwomen.org တွင် ဖတ်ရှုနိုင်ပါသည်။

ဤလမ်းညွှန်စာအုပ်နှင့် ပတ်သက်၍ အချက်အလက် အပြည့်အစုံ သိလိုပါက အောက်ပါအတိုင်း ဆက်သွယ်နိုင်ပါသည်။


ချန်တောင်း + ၆၆ ၈၁ ၆၀၃ ၆၆၅၅

မွန်းကိန် + ၆၆ ၈၁ ၉၈၂ ၁၁၂၁

ယိင်းဟန်ဖ + ၆၆ ၈၅ ၇၀၇ ၃၉၈၇